http://www.dhammadownload.com

မကောင်းမှုကိုရှောင် ကောင်းမှုကိုဆောင် ဖြူအောင်စိတ်ကိုထား အဲဒါ ပုဒ္ဓဘုရားရှင်ရဲ့ဆုံးမစကား

ပန်းချီ

ရွှေမောင်

စီစဉ်ရေးဆွဲသည့်

စမ္မ ရသ သုတ ရှုမ်ဖုံ

ဆေးရောင်စုံရုပ်ပြ

No.13 August , 2012

Shwe Moung Colourful Mini Comic

ရတနာသုံးပါး ဂုဏ်တော်များ

ပိစိကလေး နှင့် ဘုတ်အိမ် ပါဝင်သည်

အားကိုးရာအစစ်ကား ပုဒ္ဓ၊ ဓမ္မ၊ သံဃ
မိတ်ဆွေအစစ်ကား ကံ၊ ဉာဏ်၊ ဝီရိယ
ရန်သူအစစ်ကား လောဘ၊ ဒေါသ၊ မောဟ
နေစဉ်အလုပ်ကား ဒါန၊ သီလ၊ ဘာဝနာ
နှလုံးသွင်းရန်အစစ်ကား အနိစ္စ၊ ဒုက္ခ၊ အနတ္တ
အမြဲတမ်းလက်ကိုင်ထားရန် ခန္ဓီ၊ မေတ္တာ၊ သစ္စာ
တရားကိုသာ အားကိုးပါ။ အရောရာပြီးမြောက်၏။
နေ့တာ မြန့်တာ ဤမှသာ၊ ကျွာဟာတာပဲခြားနား၏။

အရှင် ဝိစိတ္တသာရ (လေးအိမ်စု)

ဘုရားဝဏ်တော်(၉)ပါး

၁။ အရဟံ
၂။ သမ္မာသမ္ဗုဒ္ဓါ
၃။ ဝိဇ္ဇာစရဏ သမ္ပန္နော
၄။ သုဂတော
၅။ လောကဝိဒူ
၆။ အနုတ္တရော ပုရိသ ဓမ္မသာရထိ
၇။ သတ္ထာဒေဝ မနုဿာနံ
၈။ ဗုဒ္ဓေါ
၉။ ဘဂဝါ


တရားဝဏ်တော်(၆)ပါး

၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော
၂။ သန္ဒိဋ္ဌိကော
၃။ အကာလိကော
၄။ ဧဟိပဿိကော
၅။ ဩပဓေယျိကော
၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

သံဃာဝဏ်တော်(၉)ပါး

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ
ဧသ ဘဂဝတော သာဝကသံဃော
၅။ အာဟုနေယျော
၆။ ပါဟုနေယျော
၇။ ဒက္ခိဏေယျော
၈။ အဉ္ဇလိကရဏီ
၉။ အနုတ္တရံ ပုညက္ခေ

http://www.dhammadownload.com



Cyan Magenta Yellow Black

http://www.dhammadownload.com



(ဗုဒ္ဓ)ဘုရားဂုဏ်တော်(၉)ပါး

ပါဠို	အသံထွက်
၁။ အရဟံ	အရဟံ
၂။ သမ္မာသမ္ဗုဒ္ဓေါ	သမ်မာသမ်ဗုတ်ဓေါ
၃။ ဝိဇ္ဇာစရဏ သမ္ပန္နော	ဝိတ်ဇာစရန သမ်ပန်နော
၄။ သုဂတော	သုဂတော
၅။ လောကဝိဒူ	လောကဝိဒူ
၆။ အနုတ္တရောပုရိသ ဓမ္မသာရထိ	အနုတ်တရော ပုရိသ ဓမ်မသာရထိ
၇။ သတ္ထာဒေဝ မနုဿာနံ	သတ်ထာဒေဝ မနုတ်သာန်
၈။ ဗုဒ္ဓေါ	ဗုတ်ဓေါ
၉။ ဘဂဝါ	ဘဂဝါ

http://www.dhammadownload.com



ဒီတော့--
ဘုရားရဲ့ဂုဏ်တော်(၉)ပါး ကို
မြန်မာလို--ရိုးရိုးရှင်းရှင်းလေး
မှတ်ထားကြရအောင်
ဘုန်းဘုန်းပြောပြမယ်

"ဗုဒ္ဓ"ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ
"မကောင်းမှု"ဟူသမျှကို လုံးဝမပြုလုပ်တော့ဘူး--
လူအများရှေ့မှာတင်မက--လူသူမရှိဆိတ်ကွယ်ရာနေရာမှာလည်း
အဲဒီ"မကောင်းမှု"ကို မပြုဘူး--ဒါကြောင့်--လူ၊ နတ်၊ ဗြဟ္မာတွေရဲ့
ရှိခိုးပူဇော်မှုကို ခံထိုက်တာကြောင့် "အရဟံ" လို့
ဘွဲ့ထူးဂုဏ်ထူးသတ်မှတ်ကြတာ--

"ဗုဒ္ဓ"ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ
"သိစရာ"မှန်သမျှကို အမှန်အတိုင်း အကြွင်းအကျန်မရှိဘဲ
သိတာကြောင့် "သမ္မာသမ္ဗုဒ္ဓါ" လို့ ဘွဲ့ထူးဂုဏ်ထူး
သတ်မှတ်ကြတာ--

"ဗုဒ္ဓ"ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ
အသိတရား၊ အကျင့်တရားတွေနဲ့ ပြည့်စုံတော်မူတာကြောင့်
"ဝိဇ္ဇာစရဏသမ္ပန္နော" လို့ ဘွဲ့ထူးဂုဏ်ထူး
သတ်မှတ်ကြတယ်လေ

"ဗုဒ္ဓ"ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ
ကောင်းတဲ့စကားကိုပဲ မိန့်ဆိုတော်မူတယ်--မကောင်းတဲ့စကားကို
တစ်ခွန်းတစ်လေမျှ မပြောတော့ဘူးလေ--ဒါကြောင့်
"သုဂတော" လို့ ဘွဲ့ထူးဂုဏ်ထူးသတ်မှတ်
ကြတယ်လေ

http://www.dhammadownload.com



http://www.dhammadownload.com



ဗုဒ္ဓဘုရားရဲ့ဂုဏ်တော်တွေကို ပွားများပူဇော်ကြသူတွေဟာ

၁။ စေတီအိမ် ပမာ သူတကာတို့ရဲ့ပူဇော်ရိုခိုးမှုကို ခံထိုက်တယ်။

၂။ စိတ်ဓာတ် တည်ကြည် ရဲရင့်တယ်။

၃။ သေခါနီးအချိန်မှာ မတွေမဝေဘဲ (သေမှာကိုမကြောက်ဘဲ) သေရတယ်။ သေပြီးနောက်လည်း လူကောင်း၊ နတ်ကောင်း ဘဝကို ရောက်ကြရတယ်။

၄။ နောင်အခါ ပွင့်တော်မူမယ့် ဗုဒ္ဓဘုရားရှင် နဲ့ ဖူးတွေ့ရတဲ့အခါ ဘုရားရှင်ဟောကြားတဲ့ တရားတော်တွေကို သိနားလည်လွယ်တဲ့ သူဖြစ်ရလိမ့်မယ်။

၅။ မြင့်မြတ်တဲ့ အမျိုးမှာ ဖြစ်ရတယ်။

၆။ သူတစ်ပါးတို့ အရိုအသေပြုတာကို ခံရတယ်။

၇။ သူတကာ ချီးမွမ်းအပ်တဲ့ ကိုယ်အင်္ဂါနဲ့ ပြည့်စုံရတယ်။

၈။ ရုပ်အဆင်း လှပတယ်။

၉။ ကိုယ်အနံ့မွှေးကြိုင်တယ်။

၁၀။ ခံတွင်း(ပါးစပ်ထဲက)အနံ့မွှေးပျံ့တယ်။

၁၁။ ကြီးကျယ်သော ဉာဏ် ပညာနဲ့ပြည့်စုံရတယ်။

၁၂။ နက်နဲတဲ့ဉာဏ်ပညာနဲ့ ပြည့်စုံရတယ်။

၁၃။ ထက်မြက်တဲ့ဉာဏ်ပညာနဲ့ ပြည့်စုံရတယ်။

၁၄။ လျင်မြန်တဲ့ဉာဏ်ပညာနဲ့ ပြည့်စုံရတယ်။

၁၅။ ဉာဏ်ရွှင်တဲ့သူဖြစ်ရတယ်။


၁၆။ ဆန်းကျယ်လှတဲ့ဉာဏ်ပညာနဲ့ ပြည့်စုံရတယ်။

၁၇။ စကားကောင်းကိုပြောဆိုနိုင်စွမ်းရှိတယ်။

Cyan Magenta Yellow Black

http://www.dhammadownload.com


အဲဒီအကျိုးတွေအပြင်---
ဘုရားဂုဏ်တော် ရွတ်ဆိုပူးများသူတွေဟာ
-ရန်သူတွေရန်မပြုနိုင်အောင် ကာကွယ်ပေးတယ်--
-ပြိတ္တာ၊ ဘီလူး၊ စတဲ့သူတွေကိုတောင်
မကြောက်မရှံ့ရင်ဆိုင်ဝံ့ကြွတယ်။
-ရောဂါ ဘယ ကင်းပြီး ကျန်းမာ၊ သက်ရှည်ရတယ်။
-အလုပ်အကိုင် အဆင်ပြေကြရတယ်။
-စီးပွားလာဘ်လာဘတွေ တိုးကြရတယ်။
-မီးဘေး၊ လက်နက်ဘေး တို့ကနေ ကင်းလွတ်ကြရတယ်။
-ဂုဏ်တော်ပူးပြီး စာကျက်၊ စာအံရင် စာရလွယ်တယ်။
လို့--ဗုဒ္ဓဘာသာလက်စွဲကျမ်းမှာ ဖော်ပြထားတယ်။



တင်ပါ့ဘုရား
နားထောင်ချင်ပါတယ်--ဘုရား

ဒါတင်ပဲလားဆိုတော့--မဟုတ်သေးဘူး--
ဗုဒ္ဓဂုဏ်တော် တွေကို ပူဇော်ပူးများရတဲ့အကျိုးကျေးဇူးတွေကို
ဖော်ပြရမယ်ဆိုရင်--မရေမတွက်နိုင်အောင်များပြားလှပါတယ်--
ဒါကြောင့်--"ဗုဒ္ဓ"ဘုရားရှင်ရဲ့ဂုဏ်တော်ကိုပူးတဲ့
ကလေးတစ်ယောက်အကြောင်း--ပြောပြပါ့မယ်
နားထောင်ကြမှာလား--

"ဂေါတမ"ဗုဒ္ဓဘုရားရှင်
သက်ရှိထင်ရှားရှိစဉ်အခါတုန်းက--"ရာဇဂြိုဟ်"ပြည်မှာ
"ကောင်းကောင်း"နဲ့"ဆိုးဆိုး"ဆိုတဲ့
ကလေးနှစ်ယောက်ရှိခဲ့တယ်--




အဲဒီကလေးနှစ်ယောက်ဟာ
ကလေးတို့သဘာဝ--ဂေါလီလုံးတွေနဲ့
ပစ်ပြီး ဆော့ကစားကြတာပေါ့

"ကောင်းကောင်း"ဆိုတဲ့ကလေးက
ဂေါလီပစ်တော့မယ်ဆိုရင်--"နမောဗုဒ္ဓဿ"
(ဘုရားကိုရိုခိုးပါ၏)လို့ ပါးစပ်ကအော်ဆိုပြီး
ပစ်တယ်လေ--သူ့အိမ်ကမိဘတွေက ဗုဒ္ဓဘုရားကို
ကိုးကွယ်ဆည်းကပ်သူတွေ
မဟုတ်လား--



"ဆိုးဆိုး"ကလည်း အားကျမခံ
"တိတ္ထိ"လို့ အော်ပြီးပစ်တယ်--"ဆိုးဆိုး"ရဲ့
မိဘတွေကတော့--မိစ္ဆာဒိဋ္ဌိအယူဖြစ်တဲ့
"တိတ္ထိ"ရဟန်းတွေကို ကိုးကွယ်
ကြတာကိုး--

http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



Cyan Magenta Yellow Black


http://www.dhammadownload.com




http://www.dhammadownload.com



http://www.dhammadownload.com







http://www.dhammadownload.com



Saturday, August 04, 2012 11:23:22 AM

http://www.dhammadownload.com




http://www.dhammadownload.com




Cyan Magenta Yellow Black

http://www.dhammadownload.com









http://www.dhammadownload.com



http://www.dhammadownload.com



ပါဠိ	သံယာ့ဂုဏ်တော်(၉)ပါး	အသံထွက်
၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော	သုပ်ပတိပန်နော ဘဂဝတော သာဝကသံယော	
၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော	အုပ်ဇုပ်ပတိပန်နော ဘဂဝတော သာဝကသံယော	
၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော	ညာယပ်ပတိပန်နော ဘဂဝတော သာဝကသံယော	
၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော	သာမီစိပ်ပတိပန်နော ဘဂဝတော သာဝကသံယော	
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ	ယဒိတံ စတ်တာရိ ပုရိသယုဂါနီ အတ်ထပုရိသ	
သေ ဘဂဝတော သာဝကသံဃော	ပုတ်ဂလာ အေသ ဘဂဝတော သာဝကသံယော	
၅။ အာဟုနေယျော	အာဟုနေယော	
၆။ ပါဟုနေယျော	ပါဟုနေယော	
၇။ ဒက္ခိဏေယျော	ဒက်ခိနေယော	
၈။ အဉ္ဇလိကရဏီယော	အင်ဇလီကရနီယော	
၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။	အနုတ်တရံ ပုန်ညခစ်တံ လောကတ်သ။	



http://www.dhammadownload.com

၁။ ဉာဃပွဋိပန္နော ဘဂဝတော သာဝကသံဃော
ဆိုတာက--အလှူန်သင့်မြတ်လှတဲ့ဂုဏ်--လို့မှတ်ထားကြ--
ဟုတ်ပြီလား--

၂။ သုပွဋိပန္နော ဘဂဝတော သာဝကသံဃော

၃။ ဥဇုပွဋိပန္နော ဘဂဝတော သာဝကသံဃော

၄။ ဉာယပွဋိပန္နော ဘဂဝတော သာဝကသံဃော

၅။ သာမီစိပွဋိပန္နော ဘဂဝတော သာဝကသံဃော
ယဒိတံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ
သေ ဘဂဝတော သာဝကသံဃော--ဆိုတာ--
ရှိသေအပ်တဲ့အကျင့်ရှိတဲ့ဂုဏ်--လို့--နားလည်ထားပါ

၆။ ပါဟုနေယျော--ဆိုတာ
ဧည့်သည်အတွက်ရည်ရွယ်ထားတဲ့--အလှူဝတ္ထု တွေကို
ခံယူထိုက်တယ်--ဆိုတဲ့--ဂုဏ်တော်--

၇။ ဒက္ခိဏေယျော--ဆိုတာက
မြတ်သောအလှူကို ခံယူထိုက်တဲ့ ဂုဏ်တော်--

၈။ အဉ္ဇလိကရဏီယော--ဆိုတာကတော့
လက်အုပ်ချီမိုးပြီး ရှိခိုးထိုက်တဲ့ ဂုဏ်တော်--

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ--ဆိုတာ
"အလှူဒါန" ဆိုတဲ့--မျိုးစေ့ကို ရှင်သန်အောင်စိုက်ပျိုးဖို့အတွက်
မြေသြဇာပြည့်ဝနေတဲ့ လယ်ယာမြေကောင်းနဲ့
တူတဲ့ ဂုဏ်တော်

ကဲ--ဒါဆိုရင်--
သံဃာဂုဏ်တော်(၉)ပါးဆိုတာကို
ဒကာလေးတို့--နားလည်ကြပြီ--နော်

တင်ပါ့--ဘုရား
နားလည်ကြပါပြီဘုရား

Cyan Magenta Yellow Black

http://www.dhammadownload.com



http://www.dhammadownload.com

"မောင်ပုဏ္ဏ" ရဲ့ဇနီးဟာ "ရှင်သာရိပုတ္တရာ" အရှင်မြတ်ကို ဆွမ်းလောင်းလှူလိုက်တာကြောင့်--ချက်ချင်း အိမ်ကိုပြန်ပြီး "မောင်ပုဏ္ဏ" အတွက် မနက်စာကို ပြန်ချက်ပြုတ်ရတာပေါ့

"မောင်ပုဏ္ဏ" ဆီကို ရောက်တဲ့အခါ အတော်တောင်နေမြင့်နေပြီလေ--"မောင်ပုဏ္ဏ" ကလည်း ဗိုက်အတော်ဆာနေပြီမဟုတ်လား

ဇနီးသည်က--ရှင်သာရိပုတ္တရာ မထေရ်မြတ်ကို ဆွမ်းလှူလိုက်ရလို့ နောက်ကျတဲ့အကြောင်း ပြောပြတဲ့အခါ "မောင်ပုဏ္ဏ" က စိတ်ဆိုး--ဒေါသဖြစ်တာတွေ့မပြုဘဲ ဆွမ်းအလှူအတွက်--"သာဓု" ခေါ်လိုက်သေးသတဲ့

မောင်ပုဏ္ဏ က မနက်စာတမင်းစားပြီး လယ်ကန်သင်းဘေးက အပင်ရိပ်ကလေးမှာ ခဏအနားယူနေရင်း အိပ်ပျော်သွားတယ်လေ

အိပ်ရာက နိုးလာတော့ လယ်ကွင်းထဲက သူလယ်ထွန်ထားတဲ့--မြေစိုင်မြေခဲတွေအားလုံး ရွှေတုံး ရွှေခဲတွေဖြစ်နေတာကို အံ့ဖွယ်တွေ့လိုက်ရတယ်

အဲဒီအဖြစ်ကို--ဗိမ္မိသာရမင်းကြီး သိရတဲ့အခါ "မောင်ပုဏ္ဏ" ကို အဲဒီရွှေတွေအားလုံး ပိုင်ဆိုင်ခွင့်ပေးလိုက်တယ်--ပြီးတော့--"ဗဟုဓနသူဌေး" ဆိုပြီး သူဌေးဘွဲ့ပေးလိုက်သတဲ့

မောင်ပုဏ္ဏ က အိမ်ဆောက်ဖို့အတွက် မြေရှင်းတဲ့အခါ ရွှေအိုးတွေ ထပ်ပေါ်လာပြန်တယ် ဒါကိုလည်း သူပဲ ပိုင်ဆိုင်ခွင့်ရခဲ့တာပေါ့

အိမ်ဆောက်ပြီးတဲ့အခါ--ဘုရားရှင်အမှူးပြုတဲ့ သံဃာတော်တွေကို ခုနစ်ရက်ပတ်လုံး ဆွမ်းအလှူကြီး ပေးလှူတယ်--

အဲဒီအလှူပွဲမှာ ဘုရားရှင် ဟောကြားတဲ့ တရားကိုနာရတာကြောင့်--"မောင်ပုဏ္ဏ" တို့ ဇနီးမောင်နှံနဲ့ သူတို့သမီးလေး "ဥတ္တရာ" ပါ "သောတာပန်" အဆင့် ရောက်ခဲ့ကြရတာပေါ့--"သောတာပန်" ဆိုတာ ဒီဘဝက သေရင် အပါယ်မရောက် တော့ဘူး--မဟုတ်လား

တင်ပါ့ဘုရား

http://www.dhammadownload.com



သူတော်ကောင်းအတွက် တရားမြတ်
လွှမ်းပတ်ကမ္ဘာတည်ပါစေ
ပန်းချီ ရဲတင့်
ဖုန်း ၀၉၅၀၆၀၁၀၇
E mail: yemarn.sm@gmail.com

http://www.dhammadownload.com

အလိုတော်ပြည့်စာပေမှ ထွက်ရှိပြီးစာအုပ်များ



ရွှေမောင်း အမှတ်စဉ် (၁) ဇူလိုင်လ၊ ၂၀၁၁ "သြကာသ--ဟူသည်"

ရွှေမောင်း အမှတ်စဉ် (၂) သြဂုတ်လ၊ ၂၀၁၁ "ဂရု--ဟူသည်"

ရွှေမောင်း အမှတ်စဉ် (၃) စက်တင်ဘာလ၊ ၂၀၁၁ "ပြုတ္တာ--ဟူသည်"

ရွှေမောင်း အမှတ်စဉ် (၄) အောက်တိုဘာလ၊ ၂၀၁၁ "ကာယဒုစရိုက်--ဟူသည်"

ရွှေမောင်း အမှတ်စဉ် (၅) နိုဝင်ဘာလ၊ ၂၀၁၁ "ဝစီဒုစရိုက်--ဟူသည်"

ရွှေမောင်း အမှတ်စဉ် (၆) ဒီဇင်ဘာလ၊ ၂၀၁၁ "မနောဒုစရိုက်--ဟူသည်"

ရွှေမောင်း အမှတ်စဉ် (၇) ဇန်နဝါရီလ၊ ၂၀၁၂ "ကောသလမင်းကြီး၏ အိပ်မက်(၁၆)ချက်"

ရွှေမောင်း အမှတ်စဉ် (၈) ဖေဖော်ဝါရီလ၊ ၂၀၁၂ "နှစ်ကျိုးရစ်ဆု--ဟူသည်" (ပထမပိုင်း)

ရွှေမောင်း အမှတ်စဉ် (၉) မတ်လ၊ ၂၀၁၂ "နှစ်ကျိုးရှစ်ဆု--ဟူသည်" (ဒုတိယပိုင်း)

ရွှေမောင်း အမှတ်စဉ် (၁၀) ဧပြီလ၊ ၂၀၁၂ "နှတ်ပြည်(၆)ထပ်--ဟူသည်"

ရွှေမောင်း အမှတ်စဉ် (၁၁) ဇွန်လ၊ ၂၀၁၂ "ခင်ပွန်းကြီး(၁၀)ပါး--ဟူသည်"

ရွှေမောင်း အမှတ်စဉ် (၁၂) ဇူလိုင်လ၊ ၂၀၁၂ "ငါးပါးသီလ--ဟူသည်"

ရွှေမောင်း အမှတ်စဉ် (၁၃) သြဂုတ်လ၊ ၂၀၁၂ "ရတနာသုံးပါး ဂုဏ်တော်များ"



ရွှေလ

ရွှေမောင်း အမှတ်စဉ် (၁၄)
စက်တင်ဘာလ၊ ၂၀၁၂
မြတ်ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါး

၆လစာ(၆-အုပ်)အတွက်	၃၀၀၀ ကျပ်
၁၂လစာ(၁၂-အုပ်)အတွက်	၆၀၀၀ ကျပ်

လပေး မှာယူလိုသူများ အတွက် ဖော်ပြပါနှုန်းအတိုင်း ငွေကြိုသွင်းစနစ်ဖြင့်မှာယူပါက (ရန်ကုန်မြို့တွင်းသာ) အိမ်အရောက် ငွေကောက်ခံ၍ လစဉ် ပို့ပေးပါမည်။

စာပို့ခများ ဈေးနှုန်းကြီးမြင့်လာမှုကြောင့် နယ်/ရပ်ဝေးသို့ လပေး မပို့ပေးနိုင်သည့်အတွက် အနှုးအညွှတ်တောင်းပန်အပ်ပါသည်။

မှတ်ချက်။ ။ ပို့ဆောင်ရသည့် အခက်အခဲကြောင့် ၂၀၁၂ ဇူလိုင်လမှ စတင်၍ (၆)လစာမှာယူခြင်း ကို တစ်ဦးချင်း လက်မခံနိုင်တော့ဘဲ အနည်းဆုံး(၂)ဦးစာ မှာယူမှသာ (၆)လစာ ပို့ပေးနိုင်ပါမည်။

အထူးအစီအစဉ်

"ရွှေမောင်း"ဓမ္မရသသုတ ရုပ်စုံ ကို စာသင်ကျောင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ မှ အလိုရှိပါလျှင် အထူးနှုန်းဖြင့် ဈေးနှုန်းလျှော့ကာ ရောင်းချပေးလျက်ရှိပါသည်။ စောင်ရေ(၁၀၀)နှင့် အထက် "ဓမ္မဒါန ပြုလိုသူများအတွက် အလှူရှင်အမည် ကို ထည့်သွင်းပုံနှိပ်ပေးမည်ဖြစ်ပြီး (ရန်ကုန်မြို့တွင်း)မှာယူသူများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါမည်။ အနယ်နယ်အရပ်ရပ် မှ မှာယူလိုသူများကို စောင်ရေ (၁၀၀) အထက်မှာယူလျှင် ပို့ဆောင်ခ အပါအဝင် စာအုပ်တန်ဖိုးကို ကြိုတင်ငွေပို့ စနစ်ဖြင့်မှာယူနိုင်ပါသည်။

ငွေကြိုတင်ပို့ခြင်းအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်(ရွှေဗဟိုပလာဇာ)တာမွေဘဏ်ခွဲ ။ M.O.B (ပန်းဆိုးတန်းဘဏ်ခွဲ)၊ မင်္ဂလာဈေး ဘဏ်ခွဲ)၊ ကမ္ဘောဇဘဏ်(တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ) သို့ "ငွေလွှဲ" ပေးပို့နိုင်ပြီး ငွေလွှဲပေးပို့ခြင်းအား "အလိုတော်ပြည့်စာပေ" ဦးစီးပိုင်၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၅၇၀၉၇ ။ ဒေါ်မြင့်မေ၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၄၂၁၉၅ ။ ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀ ၅၄၇၅၉ သို့ ဆက်သွယ်ပေးပို့စေလိုပါသည်။

တန်ဖိုး ၅၀၀ ကျပ်

အထူးသတိပြုရန်မှာ စာအုပ်မှာကြားသည့်အခါ ပေးပို့ရမည့်လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ် နှင့် ပေးပို့ရမည့် စာအုပ်အမှတ်စဉ် ကို ဖော်ပြပေးရမည်ဖြစ်ပါသည်။

ပြည်လုံးကျွတ်ဖြန့်ချိရေး
အလိုတော်ပြည့် စာပေ
အမှတ်(၂၇)-၅လွှာ၊ ၁၅၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀ ၅၄၇၅၉ ။

ထုတ်ဝေသူ ဦးဟန်စိန်၊ ကျီတော်လစဉ်၊ ၀၄၁၂၇၊ အတွင်း နှင့် မျက်နှာဖုံး ပုံနှိပ်သူ အေခင်စီ(၀၁၄၇၀)မေတ္တာမိုးပုံနှိပ်တိုက်၊ ၂၀၁၂ ၊ သြဂုတ်လ ၊ ပထမအကြိမ် ၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး (၅၀၀)ကျပ်။